ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်

## ညွှန်ကြားချက်အမှတ်(၂/၂၀၁၈)

အကြောင်းအရာ။ **ပမာဏကြီးမားသော ကြွေးမြီများအား တင်ပြရန်ကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၇-၇-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၈/၂၀၁၇)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းချက်ပါအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းအရ ဘဏ်တစ်ခုတွင် အဓိကမတည်ငွေရင်း၏ ၂၀% ထက်ကျော်လွန်ပြီး လူပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ထုတ်ချေးထားသောကြွေးမြီများရှိပါက စည်းမျဉ်း ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း အဆိုပါကြွေးမြီအား လက်ခံနိုင်သည့်ပမာဏသို့ ထားရှိမည့်အစီအစဉ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြရန် ညွှန်ကြားခဲ့ပါသည်။

၂။ အဆိုပါ ပမာဏကြီးမားသောကြွေးမြီများကို ကာလသတ်မှတ်ချက်ချေးငွေသက်တမ်း သုံးနှစ်အတွင်း လျှော့ချမည့်အစီအစဉ်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ၃၁-၃-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ တင်ပြညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ညွှန်ကြားပါသည်။

(ပုံ) xxxxxxxxx

ဥက္ကဋ္ဌ (ကိုယ်စား)

(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ